# ကူညီဆောင်ရွက်ပေးသောနည်းလမ်းဖြင့် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်း လုပ်ငန်းစဉ်




UNHCR
The UN Refugee Agency

# ၁။ ကာကွယ်မှုဆိုင်ရာ ဆွေးနွေးလမ်းညွှန်မှု




ကျေးဇူးပြု၍ သင်၏မိသားစုဝင်များအားလုံးကို ခေါ်လာပါ။ သင်၏ VE ကဒ်နှင့် အိမ်ထောင်စုစာရင်းစာရွက် (HHRD)ကို UNHCR ထံသို့ပြသပါ။ UNHCR ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဝန်ထမ်းက သင့်မိသားစုအကြောင်းနှင့် သင်ပြန်မည့် နေရာဒေသအကြောင်းနှင့် ပတ်သတ်သည့် အချက်အလက်များကို သင့်အား မေးမြန်းသွားမည်။ အကယ်၍ သင်၏မိသားစုဝင်တစ်ဦးဦးက အထူးလိုအပ်မှုများရှိနေပါက- ဥပမာအားဖြင့် ခန္ဓာကိုယ်မသန်မစွမ်းဖြစ်ခြင်း၊ စိုးရိမ်ဖွယ်ရာ နာမကျန်းမှုတစ်ခုခု၊ သို့မဟုတ် အပြန်ခရီးတွင် အခက်အခဲဖြစ်စေမည့် ကျန်းမာရေးအခြေအနေတစ်ခုခုများရှိခဲ့သော်၊ ကျေးဇူးပြု၍ UNHCR အားအကြောင်းကြားပါ။ နာတာရှည်နာမကျန်းဖြစ်နေသောသူများသည် စခန်းထဲရှိ သက်ဆိုင်ရာကျန်းမာရေးအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ရမည်ဖြစ်သည်။ နေရပ်ပြန်မည့် မိသားစုတစ်စုချင်းစီမှ နေရပ်ပြန်ခြင်းသည် ၎င်းတို့၏ဆန္ဒအလျောက်ဖြစ်ကြောင်း အတည်ပြုပေးရန်အတွက် VRF ခေါ် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်း လျှောက်လွှာကို လက်မှတ်ရေးထိုးရပါမည်။

---

မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းသည် တော်ဝင်ထိုင်းအစိုးရ ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နှင့် UNHCR တို့မှ ကူညီဆောင်ရွက်ပေးသည့် မိမိဆန္ဒလျောက် နေရပ်ပြန်ခြင်းကို ဆိုလိုသည်။

# ၂။ မြန်မာနိုင်ငံမှ "မီးစိမ်းပြ" ခြင်း




ဒေသတွင်းအခြေအနေ မည်သို့ရှိသည်ကို စစ်ဆေးရန်အတွက် သင်၏အချက်အလက်များကို တော်ဝင်ထိုင်းအစိုးရ၊ UNHCR မြန်မာနှင့် မြန်မာအစိုးရတို့ထံ ဝေငှပေးသွားမည်။ နေရပ်ပြန်ရန် ခွင့်ပြုချက် "မီးစိမ်း" ပြလာသည့်အခါ UNHCR က သင့်အား အသိပေးသွားမည်။ မြန်မာအစိုးရက နေရပ်ပြန်ရေး **အစီအစဉ်ချောမွေ့စေရန် ပြန်သွားသူများအတွက် ခရီးသွားထောက်ခံစာထုတ်ပေးသွားမည်ဖြစ်သည်။**

# ၃။ သင်၏ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုခြင်း



မြန်မာအစိုးရထံမှ ခွင့်ပြုချက်ရရှိကြောင်း သင့်အားအကြောင်းကြားရန်နှင့် ယခုနေရပ်ပြန်ခြင်းဆုံးဖြတ်ချက်သည် သင်၏ဆန္ဒအလျောက်သာဖြစ်ကြောင်း ထပ်မံအတည်ပြုရန်အတွက် UNHCR က သင့်အား ဆက်သွယ်မည်။ သင်စခန်းထဲမှ ထွက်ခွာမည့်နေ့ရက်ကို တော်ဝင်ထိုင်းအစိုးရ( ပလတ်) ၊ IOM နှင့် UNHCR တို့က အတူတကွ သဘောတူသတ်မှတ်ကြမည်။ သင်ပြန်မည့်နေရာဒေသရှိ အခြေအနေများနှင့်စပ်လျဉ်း၍ ရရှိလာသော မည်သည့်သတင်းအချက်အလက်ကိုမဆို UNHCR မှ ဝေငှသွားမည်။ နောင်တွင် သင်လိုအပ်နိုင်မည့် သင်၏ပညာရေး /သင်တန်းလက်မှတ်များနှင့် ကျန်းမာရေးမှတ်တမ်းများကို မပြန်မီယူထားရန် သင့်အား တိုက်တွန်းသွားမည်။

UNHCR
The UN Refugee Agency

# ၄။ UNHCR က လုပ်ဖော်ကိုင်ဖက်များအား အကြောင်းကြားခြင်း




သင်၏နေရပ်ပြန်ခြင်းအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် UNHCR နှင့် တော်ဝင်ထိုင်းအစိုးရ( ပလတ်) တို့မှ စခန်းကော်မတီနှင့် သက်ဆိုင်ရာ NGOs အဖွဲ့များထံ အကြောင်းကြားသွားမည်။

# ၅။ မြေမြှုပ်မိုင်းအန္တရာယ် ပညာပေးသင်တန်းနှင့် အခြားသတင်းအချက်အလက်ပေး သင်တန်းများ



Humanity & Inclusion အဖွဲ့မှ မြေမြှုပ်မိုင်းအန္တရာယ် ပညာပေးသင်တန်းများကို VRC စင်တာတွင် ပြုလုပ်မည်ဖြစ်ပြီး၊ ဒါ့အပြင် သင့်အတွက် နေရပ်ပြန်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ပြင်ဆင်မှုအတွက် အထောက်အကူဖြစ်စေနိုင်မည့် အခြားသတင်းအချက်အလက်ပေးသင်တန်းများကိုလည်း ပြုလုပ်သွားမည်။

UNHCR
The UN Refugee Agency

# ၆။ စခန်းမှ မထွက်ခွာမီ




မြန်မာနိုင်ငံသို့ ပြန်မည့်နေ့ရက်မတိုင်မီ သင်၏စာရွက်စာတမ်းများဖြစ်သည့် VE ကဒ်နှင့် အိမ်ထောင်စုစာရင်းကို UNHCR မှ ပြင်ဆင်ရန်၊ IOM က "ခရီးသွားရန်သင့်မသင့်" ဆေးစစ်ရန် ၊ တော်ဝင်ထိုင်းအစိုးရက လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ အစားအစာမဟုတ်သည့် အထောက်အကူပစ္စည်းများဖြစ်သော ခြင်ထောင်နှင့် အမျိုးသမီးလစဉ်သုံးပစ္စည်းထုပ်များ လက်ခံရယူရန်အတွက် သင့်အား VRC စင်တာသို့ လာရောက်ခိုင်းမည်။

# ၇။ ထွက်ခွာမည့်နေ့ရက်




စခန်းထဲမှ ထွက်ခွာမည့်နေ့တွင် UNHCR မှ VRF ခေါ် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းလျှောက်လွှာ (၅) စောင်ထုတ်ပေးသွားမည်။ သင်အပြန်ခရီးအတွက် ယူဆောင်သွားရန်(၁) စောင် ၊ UNHCR အတွက် (၂) စောင်၊ IOM အတွက်(၁) စောင်၊ နှင့် တော်ဝင်ထိုင်းအစိုးရ(ပလတ်)အတွက် (၁) စောင်ဖြစ်သည်။ ထို့နောက် IOM မှ VRF မိတ္တူတစ်စောင်ကိုယူကာ သင့်အား ငွေကြေးအကူညီပေးရန်အတွက် အသုံးပြုသွားမည်။ တော်ဝင်ထိုင်းအစိုးရ (ပလတ်) မှလည်း VRF မိတ္တူတစ်စောင်ကိုယူကာ သင်စခန်းမှ ထွက်ခွာသည့် အကြောင်း သက်သေအဖြစ် အတည်ပြုသွားမည်။

UNHCR
The UN Refugee Agency

# ၈။ စခန်းထဲမှ ထွက်ခွာခြင်း




ဤအဆင့်များအားလုံးကို သင်ဖြတ်သန်းခဲ့ပြီးနောက် IOM မှ စီစဉ်ပေးသောယာဉ်ဖြင့် စခန်းထဲမှ ထွက်ခွာရန် သင်အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ သင်၏အပြန်ခရီးတွင်ဖြစ်စေ၊ သို့မဟုတ် မြန်မာနိုင်ငံတွင်းပြန်ရောက်သည့်အခါတွင်ဖြစ်စေ၊ သင်၏စာရွက်စာတမ်းများဖြစ်သည့် VE ကဒ်၊ အိမ်ထောင်စုစာရင်း ၊ VRF ဖောင်၊ ပညာရေး/ ကျန်းမာရေးလက်မှတ်များကို လိုအပ်မည်ဖြစ်သောကြောင့်၊ ကျေးဇူးပြု၍ ၎င်းတို့အား ကောင်းမွန်စွာ သိမ်းဆည်းထားပါ။

# ၉။ အမည်စာရင်း ပယ်ဖျက်ခြင်း




သင်စခန်းထဲမှ ထွက်ခွာပြီးနောက် သင်၏အမည်စာရင်းကို UNHCR-MOI ဒေတာစာရင်းထဲမှ ပယ်ဖျက်မည်ဖြစ်သည်။

မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းအကြောင်းနှင့်ပတ်သတ်သော အချက်အလက်များကို ပိုမိုသိရှိလိုပါက၊ ကျေးဇူးပြု၍ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်း အကျိုးဆောင်ဗဟိုဌာန VRC စင်တာရှိ UNHCR ဝန်ထမ်းအား ဆက်သွယ်ပါ။


Media Monitoring Report


Frequently Asked Questions (FAQs)


VolRep Assistance Sheet


Maps


VRC Notes


Returnee Stories


Cross-Border Web Portal


VolRep Assistance Leaflet


Visit us at:
www.commonservice.info
www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren

Information Management Unit - Mae Sot
Thailand - Myanmar Border Operation
imumaesot@unhcr.org

UNHCR
The UN Refugee Agency



Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.